မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

July 25 , 2025 Volume 92, Number 18

၂၅. ၇.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၆၆.၂၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၄၀.၂၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၂၆.၈၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၇၈.၅၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၇၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၂၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၁.၉၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၇.၁၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၈၅ ကျပ် |

CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံ စိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံစုံ ဧက ၂၈,၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်



မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံ စိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံစုံဧက ၂၈,၀၀၀ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံစုံ ၂၉,၃၈၅ ဧက စိုက်ပျိုးရန်လျာထားပြီး ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ၂၈,၀၁၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်တွင် ဆီထွက်သီးနှံစုံ ၂၉,၃၈၅ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိမှာ ၂၈,၀၁၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စိုက်ပျိုးပြီးတဲ့ ဆီထွက်သီးနှံတွေ အထွက်နှုန်းတိုးတက်စေဖို့နဲ့ ပိုးမွှားရောဂါကင်းရှင်းစေဖို့ အသိပညာပေးတာတွေ ကွင်းဆင်းဆောင်ရွက်နေပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဆီထွက်သီးနှံများ တစ်ဧကပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ရွေးချယစိုက်ပျိုးနိုင်ရေး၊ GAP စိုက်နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားရောဂါကင်းရှင်းရေးစသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ဆီထွက်သီးနှံများကို အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိ

ကာ ဒေသခံတောင်သူများ၏ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဆီထွက်သီးနှံများကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း သိရသည်။

**Source :** https://www.myawady.net.mm/

## စဉ့်ကိုင်မြို့နယ်၌ နှမ်းများလှိုင်လှိုင်ထွက်ပေါ်နေပြီး တောင်သူများအကျိုးအမြတ်ရရှိနေ



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်၌ ယခုအခါနှမ်းများ လှိုင်လှိုင်ထွက်ပေါ်နေပြီး တောင်သူများအကျိုးအမြတ်ရရှိနေကြောင်း စဉ့်ကိုင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

စဉ့်ကိုင်မြို့နယ်အတွင်းရှိ တောင်သူများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပြီး ရာသီပေါ်သီးနှံမျိုးစုံကိုလည်း စိုက်ပျိုးလျက်ရှိရာ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် နွေနှမ်း ၂၃,၄၄၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

နှစ်စဉ် စဉ့်ကိုင်မြို့နယ်၌နွေနှမ်းများကို မတ်လနှင့်ဧပြီလတို့တွင် စိုက်ပျိုးကြပြီး ဇွန်လနှင့်ဇူလိုင်လတို့တွင် ထွက်ပေါ်လေ့ရှိကာ ယခုအခါ နွေနှမ်းများလှိုင်လှိုင်ထွက်ပေါ်နေချိန်ဖြစ်၍ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် (၉) တင်းခန့်ထွက်ရှိကြောင်း သိရသည်။


စိုက်ပျိုးသော နှမ်းမျိုးများအနေဖြင့်နှမ်းဖြူ၊ နှမ်းညို နှင့်နှမ်းနက်ဟူ၍ရှိပြီး နှမ်းဖြူကို အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

အဆိုပါနွေနှမ်းများကို ကြဲပက်စနစ်ဖြင့် စိုက်ပျိုးကြပြီး တစ်ဧကလျှင် နှမ်းမျိုးစေ့သုံးပြည်ခန့်ကုန်ကျကာ ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်အားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် လေးသိန်းခန့်ကုန်ကျကြောင်း သိရသည်။

စဉ့်ကိုင်မြို့နယ်မှစိုက်ပျိုးထွက်ရှိသောနှမ်းများကို ကျောက်ဆည်မြို့ရှိပွဲရုံများသို့ တင်ပို့ရောင်းချကြပြီး ထိုပွဲရုံများမှတစ်ဆင့် ရန်ကုန်နှင့်မန္တလေးမြို့တို့သို့ တင်ပို့ရောင်းချကြောင်း၊ ယခုနှစ်တွင် နွေနှမ်းများ ဈေးကောင်းရရှိသဖြင့် ဒေသခံနှမ်းစိုက်တောင်သူများအနေဖြင့် အကျိုးအမြတ်များရရှိကြကြောင်း သိရသည်။

**Source :** https://www.myawady.net.mm/

## ရွှေပါဝင်မှုနှုန်းနှင့်ရွှေအရည်အသွေးကို X –Ray စက်ဖြင့်စစ်ပေးမည်




ဝယ်ယူစဉ်ကဘောက်ချာမှာပါရှိတဲ့ရွှေပါဝင်မှုနှုန်းနဲ့ ရွှေအရည်အသွေး ပြည့်စုံမှု ရှိ/မရှိကို စစ်ဆေးပေးမယ်လို့ မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းချုပ် FMGEA ကနေသိရပါတယ်။

XRFMachine (X–Ray)ဖန်ချောင်းစက်နဲ့စစ်ဆေးပေးမှာဖြစ်ပြီး မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းချုပ်ကနေ အရည်အသွေးထောက်ခံချက်ထုတ်ပေးမယ်လို့ဆိုပါတယ်။

သတ်မှတ်ကာလအတွင်းမှာ မည်သည့်ရွှေဆိုင်မှ ဝယ်ယူလာတဲ့ မည်သည့်ရွှေထည်ပစ္စည်းကိုမဆို ဘောက်ချာမှာ ပါဝင်သည့် ရွှေအမျိုးအစားနဲ့ ရွှေအရည်အသွေး စံချိန်စံညွှန်းတွေအရ ပြည့်မီရမှာဖြစ်တယ်လို့ ထုတ်ပြန်ပါတယ်။

ရွှေဆိုင်ဘောက်ချာက ရွှေပါဝင်မှုနှုန်းနဲ့ ရွှေအရည်အသွေးပြည့်စုံမှုရှိ/မရှိ စတင်စစ်ဆေးတဲ့အချိန်ကာလမတိုင်ခင် ဝယ်ယူရရှိထားတဲ့ ဘောက်ချာအဟောင်းတွေရဲ့ ရွှေထည်ပစ္စည်းတွေကို စစ်ဆေးပေးမှာမဟုတ်ကြောင်း အသိပေးပါတယ်။

အဆိုပါအစီအစဉ်ကို များမကြာမီ ဆောင်ရွက်ပေးမှာဖြစ်သလို ရွှေချစ်သူစားသုံးသူတွေမနစ်နာစေရေးအတွက် စားသုံးသူကာကွယ်ရေးအဖွဲ့နဲ့ပူးပေါင်းဆောင်ရွက်ပေးမယ်လို့ သိရပါတယ်။

ရွှေဆိုင်တွေကို တစ်ကျပ်သားအလေးချိန် စနစ်သစ်ဖြစ်တဲ့ ၁၆ ဒသမ ၃၂၉၃၂၅ ဂရမ်နဲ့ အရောင်းအဝယ်ပြုလုပ်ရမယ်ဆိုတဲ့ သတ်မှတ်ချက်ကို လိုက်နာမှုရှိမရှိ ကွင်းဆင်းစစ်ဆေးသွားမယ်လို့ တရားဝင်အသိပေးထားပါတယ်။

ရွှေဆိုင်တွေအနေနဲ့ စနစ်သစ်ချိန်ခွင်နဲ့ရောင်းဝယ်နေကြောင်း ပိုစတာကပ်ရမှာဖြစ်ပြီး ကွင်းဆင်းစစ်ဆေးပါက ပြည့်စုံနေရမယ်လို့ ဆိုပါတယ်။

ဇူလိုင်လ ၂၃ ရက်နေ့ ၊ဈေးကွက်ဖွင့်ချိန်မှာ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးကော်မတီက သိပ်သည်းဆ ၁၉ ဒသမ၂၅ ဂရမ်/ ကုဗစင်တီမီတာအထက်ရှိတဲ့ စံချိန်မီရွှေတစ်ကျပ်သားဈေး ၅,၉၀၀,၀၀၀ ကျပ် သတ်မှတ်ထုတ်ပြန်ထားပြီး ပြင်ပဈေးကွက်မှာတော့ ကျပ် ၇၈ သိန်းဈေးတန်းမှာရှိနေပါတယ်။

**Source :BETV Business**

## မြိတ်မြို့ပေါ်ရှိထောပတ်သီးဈေးကွက်



တနင်္သာရီတိုင်းဒေသကြီး ၊ မြိတ်မြို့ပေါ်တွင် ဒေသထွက်ကုန်နှင့် အနယ်နယ်အရပ်ရပ်မှ တင်သွင်းလာသော လူသုံးကုန်၊ စားသောက်ကုန်များ အများအပြားရောင်းချလျက်ရှိသည်။

ထိုသို့ရောင်းချရာတွင် Hass မျိုး ထောပတ်သီးသည်လည်း အရောင်းသွက်လျက်ရှိသည်။ ဗီတာမင်နှင့်အဆီဓာတ်များပါဝင်ပြီး အရိုးများသန်မာစေသောအာနိသင်များပါဝင်သည်။ ကျန်းမာရေးအတွက်အကျိုးကျေးဇူးများစွာပါရှိပြီးအဆီများလည်းပါဝင်သောကြောင့် တစ်နေ့လျှင်တစ်လုံးသာ စားသင့်သည်။ Hassထောပတ်သီးသည် အသားထူပြီးအမျှင်လုံးဝမပါဘဲ အရသာမှာစေးပြီး အိအိဆိမ့်ဆိမ့်လေးရှိပြီး အလွန်ပင်စားကောင်းသည်။

၂၀၂၅ခုနှစ် ဇူလိုင်လတတိယပတ်တွင် မြိတ်မြို့ပေါ်တွင်ရောင်းချနေသော Hassထောပတ် ဈေးနှုန်းမှာ ၅- ၆လုံးပါသော ဆိုဒ်ကြီး Hassထောပတ်သီး တစ်ကီလိုလျှင် ၉၀၀၀ ကျပ်ရှိပြီး ၉ – ၁၀လုံးပါသော ဆိုဒ်သေး Hassထောပတ်သီး တစ်ကီလိုလျှင် ၇၀၀၀ကျပ်ရှိကြောင်း သစ်သီးရောင်းချနေသူထံက သိရသည်။

**Source : DOCA(တနင်္သာရီ)**

https://www.doca.gov.mm/

## မုံရွာမြို့ကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိသော ဆီထွက်သီးနှံဈေးနှုန်းများ နှိုင်းယှဉ်မှုအခြေအနေ

ဇူလိုင်လ စတုတ္ထပတ်တွင် မုံရွာမြို့ကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်လျက်ရှိသည့် ဆီထွက်သီးနှံများ၏ ဈေးကွက်အခြေအနေမှာနှမ်းဖြူ ဈေးငြိမ်ပြီး နှမ်းညို၊ နှမ်းနက်၊ မြေပဲလုံးဆန်နီ ဈေးများမြင့်တက်၍ မြေပဲလုံးဆန်ဖြူ ဈေးနှုန်းများကျဆင်းနေကြောင်းသိရသည်။

ဇူလိုင်လစတုတ္ထပတ်တွင်နှမ်းညိုတစ်တင်း ၈၈,၀၀၀-၉၅,၀၀၀ကျပ်၊နှမ်းနက်တစ်တင်း ၁၈၀,၀၀၀- ၂၆၀,၀၀၀ကျပ်၊ နှမ်းဖြူတစ်တင်း ၉၅,၀၀၀-၁၁၀,၀၀၀ကျပ်ဖြစ်ကာ ယခင်ပတ်ကာလတူပေါက်ဈေးနှုန်းမှာ နှမ်းညိုတစ်တင်း ၉၄,၀၀၀ကျပ်၊ နှမ်းနက်တစ်တင်း ၁၈၀,၀၀၀-၂၅၀,၀၀၀ ကျပ်၊ နှမ်းဖြူ တစ်တင်း ၉၅,၀၀၀-၁၁၀,၀၀၀ ကျပ်ရှိ၍ ယခုပတ်နှင့် ယခင်ပတ်ကာလတူ နှိုင်းယှဉ်ပါက နှမ်းညိုတစ်တင်း ၁၀၀၀ ကျပ်ခန့်၊ နှမ်းနက်တစ်တင်း ၁၀,၀၀၀ကျပ်ခန့်မြင့်တက်နေကြောင်း သိရသည်။

ဇူလိုင်လ စတုတ္ထပတ်တွင် မြေပဲလုံးဆန်ပေါက်ဈေးနှုန်းနှင့် ဆီဈေးနှုန်းများမှာ မြေပဲလုံးဆန်နီ တစ်ပိဿာ ၉၄၀၀ ကျပ်၊ မြေပဲ လုံးဆန်ဖြူ တစ်ပိဿာ ၉၅၀၀ကျပ်ရှိပြီး ယခင်ပတ် ကာလတူ ပေါက်ဈေးနှုန်းမှာ မြေပဲလုံးဆန်နီ တစ်ပိဿာ ၉၃၀၀ ကျပ်၊ မြေပဲ လုံးဆန်ဖြူ တစ်ပိဿာ ၁၀၀၀၀ကျပ်၊ ကာလတူအချိန်နှင့်နှိုင်းယှဉ်ပါက မြေပဲလုံးဆန်နီ တစ်ပိဿာ ၁၀၀ ကျပ်ခန့် မြင့်တက်နေပြီး၊ မြေပဲလုံးဆန်ဖြူ တစ်ပိဿာ ၅၀၀ ကျပ်ခန့် ကျဆင်းသွားကြောင်းသိရသည်။

ယခုအပတ်အတွင်း ပဲဆီတစ်ပိဿာ ၁၇,၅၀၀ ကျပ်၊ နှမ်းဆီတစ်ပိဿာ ၁၄,၅၀၀ကျပ်ဖြစ်ပြီး ပဲဖတ်တစ်ပိဿာ ၄၃၂၅ ကျပ်၊ နှမ်းဖတ်တစ်ပိဿာ ၂၇၀၀ ကျပ်၊ နေကြာဖတ်တစ်ပိဿာ ၁၉၅၀ ကျပ်ဖြင့် ရောင်းဝယ်နေကြောင်း သိရသည်။

**Source : စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံး**

https://myantrade.gov.mm/

## ဖိလစ်ပိုင်နိုင်ငံသည် ကမ္ဘာ့ဒုတိယအများဆုံး ငှက်ပျောသီးတင်ပို့သည့်နိုင်ငံအဖြစ် ဆက်လက်ရပ်တည်

ပနားမားအပင်ရောဂါပိုးမွှား(Panama Disease)ပျံ့နှံ့ဖြစ်ပွားခဲ့သည့်ကြားမှ ဖိလစ်ပိုင်နိုင်ငံသည် ကမ္ဘာ့ဒုတိယအများဆုံး ငှက်ပျောသီး တင်ပို့သည့်နိုင်ငံအဖြစ် ဆက်လက်ရပ်တည်လျက်ရှိပါကြောင်း နိုင်ငံတကာ အစီရင်ခံစာများအရ သိရသည်။

၂၀၂၄ ခုနှစ်အတွင်း ဖိလစ်ပိုင်နိုင်ငံမှ ငှက်ပျောသီးတင်ပို့မှုသည် မက်ထရစ်တန်ချိန် ၂ ဒသမ ၃ သန်းရှိခဲ့ပြီး ၂၀၂၃ ခုနှစ်က တန်ချိန် ၂ ဒသမ ၃၅ သန်းဖြစ်သည့်အတွက် နှိုင်းယှဉ်မည်ဆိုလျှင် ကျဆင်းခဲ့ကြောင်း၊ ထို့အတွက် ကမ္ဘာ့အဆင့် သတ်မှတ်ချက် ဒုတိယနေရာတွင် ၂ နှစ်ဆက်တိုက် ဆက်လက်တည်ရှိနေခြင်းဖြစ်သည်။

Food and Agriculture Organization of the United Nations(FAO)မှ ဇန်နဝါရီ လက ထုတ်ပြန်သည့် မပြင်ဆင်ရသေးသည့် အစီရင်ခံစာတွင် မူလက ကိုလံဘီယာနိုင်ငံသည် ငှက်ပျောသီးမက်ထရစ်တန်ချိန် ၂ ဒသမ၂၈၇ သန်းတင်ပို့ခဲ့ပြီး ကမ္ဘာ့အဆင့် တတိယနေရာတွင်ရှိခဲ့သည်။ အီကွေဒေါနိုင်ငံသည် ၂၀၂၄ ခုနှစ်အတွင်း ငှက်ပျော သီးတန်ချိန် ၆ သန်းတင်ပို့ခဲ့ပြီး ပထမအဆင့်နေရာတွင်ရှိနေပါကြောင်း၊ ကိုစတာရီကာနိုင်ငံသည့် တန်ချိန် ၂ ဒသမ၄ သန်းတင်ပို့ခဲ့ပြီး ဒုတိယအဆင့်တွင် ရပ်တည်လျက်ရှိကြောင်းဖော်ပြပါရှိသည်။ ဂွာတီမာလာ(Guatemala)နိုင်ငံမှ တန်ချိန် ၂ ဒသမ၂ သန်းတင်ပို့ခဲ့ပြီး ကိုလံဘီယာနိုင်ငံ၏ နောက်တွင် ရပ်တည်လျက်ရှိသည်။

FAO အစီရင်ခံစာပါဖော်ပြချက်အရ Banana Fusarium Wilt Tropical Race 4 (TR4)ရောဂါပိုးမွှားသည် ဆက်လက်ပြန့်ပွားလျက်ရှိပြီး ဖိလစ်ပိုင်နိုင်ငံ၏ ငှက်ပျောသီးအထွက်နှုန်းကို ထိခိုက်စေနိုင်ပါကြောင်း၊ ထို့အတွက် ဖိလစ်ပိုင်နိုင်ငံအပါအဝင် အာရှနိုင်ငံများရှိ ငှက်ပျောသီးတင်ပို့ရောင်းချသူများကိုလည်း ထိခိုက်မှုများရှိနိုင်ပါကြောင်းဖော်ပြပါရှိသည်။

ဖိလစ်ပိုင်နိုင်ငံအတွင်းရှိ ငှက်ပျောသီးအဓိကစိုက်ပျိုးသည့်ဒေသများဖြစ်သည့် မင်ဒါနာအိုဒေသရှိ ငှက်ပျောစိုက်ပျိုးမြေဧရိယာ၈၉,၀၀၀ ဟက်တာ၏ ၄၀ ရာခိုင်နှုန်းသည်အဆိုပါရောဂါပိုးမွှား၏သက်ရောက်မှုများရှိနေနိုင်သေးကြောင်းဖော်ပြထားသည်။

ထို့အတူ အာရှဈေးကွက်များဖြစ်သော တရုတ်နှင့်ဂျပန်တို့သည်လည်း ဖိလစ်ပိုင်နိုင်ငံမှငှက်ပျောသီးဝယ်ယူတင်သွင်းမှုကို လျှော့ချသွားနိုင်ခြေရှိကြောင်း FAO မှခန့်မှန်းတွက်ချက်ထားသည်။ကိန်းဂဏန်းအချက်အလက်များအရတရုတ်နိုင်ငံ၏ဖိလစ်ပိုင်နိုင်ငံမှငှက်ပျောသီးတင်သွင်းမှုသည် ၂၀၂၄ ခုနှစ်တွင် ၃၂ ရာခိုင်နှုန်း ထိကျဆင်းခဲ့သည်။

တရုတ်နိုင်ငံ၏ ပြည်တွင်းငှက်ပျောသီးစိုက်ပျိုးထွက်ရှိမှုမြင့်မားလာခြင်း၊ ပထဝီနိုင်ငံရေးတင်းမာမှုများကြောင့် တရုတ်ဈေးကွက်၏ဖိလစ်ပိုင်နိုင်ငံမှ ငှက်ပျောသီးတင်သွင်းမှုအပေါ် စိတ်ပါဝင်စားမှုလျော့ကျလာခြင်းတို့ကြောင့်ဖြစ်သည်။ အလားတူ ဂျပန်နိုင်ငံသည်လည်း ဖိလစ်ပိုင်နိုင်ငံမှ ငှက်ပျောသီးတင်သွင်းမှုသည် ၄ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ကမ္ဘောဒီးယား၊ အီကွေဒေါနှင့် ဗီယက်နမ်နိုင်ငံတို့မှ ပိုမိုတင်သွင်းခဲ့ခြင်းတို့ကြောင့်ဖြစ်သည်။

**Source : ကေသွယ်နိုင်၊ စီးပွားရေးသံမှူး၊ မနီလာမြို့**

https://myantrade.gov.mm/

## အနောက်ဘင်္ဂလားပြည်နယ်တွင် ဈေးကွက်လိုအပ်ချက်မြင့်မားလာမှုကို ဖြည့်ဆည်းနိုင်ရန် ပြောင်းဟက်တာ ၆၀,၀၀၀ တိုးချဲ့စိုက်ပျိုးမည်

အနောက်ဘင်္ဂလားပြည်နယ်အစိုးရသည် ပြည်နယ်အတွင်း တိရစ္ဆာန်အစာ၊ ကြက်အစာနှင့်ငါးမွေးမြူရေးလုပ်ငန်းအတွက် အစာလိုအပ်ချက်ကိုဖြည့်ဆည်းရန်အတွက် လာမည့်သုံးနှစ်အတွင်း ပြောင်းစိုက်ဧရိယာ ၆၀,၀၀၀ ဟက်တာအထိ တိုးချဲ့ရန် ဆုံးဖြတ်ခဲ့ကြောင်း ကုန်သည်ကြီးများအသင်းတစ်ခုဖြစ်သည့် ASSOCHAM မှ စီစဉ်ကျင်းပသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အစားအစာထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲတွင် ပြည်နယ်စားသောက်ကုန်ပြုပြင်ထုတ်လုပ်ရေးနှင့်သစ်သီးဝလံပန်းမန်ဌာနဝန်ကြီး Arup Roy မှ ကြေညာခဲ့သည်။

ထို့ပြင် ဝန်ကြီးက အစိုးရ၊ ပုဂ္ဂလိက၊ ပညာရေးအဖွဲ့အစည်းများနှင့် ပြည်သူ့လူမှုအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုအားဖြင့် တစ်ဦးချင်းစီ၏အားသာချက်များကို အသုံးချနိုင်ပြီး စိန်ခေါ်မှုများကို ပူးတွဲဖြေရှင်းနိုင်မည်ဖြစ်ပါကြောင်း၊ လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းတွင် ပါဝင်အလုပ်လုပ်နေသူများအနက် ၇၀ ရာခိုင် နှုန်းမှာ အမျိုးသမီးများဖြစ်ကြပြီး၊ ယင်း လုပ်ငန်းတွင် အမျိုးသမီးများအား လုပ်ငန်းရှင်များအဖြစ် အားပေးမြှင့်တင်ခြင်းသည် အမျိုးသမီးများ စွမ်းဆောင်ရည်မြှင့်တင်ရန် အတွက် အရေးကြီးသော ခြေလှမ်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပြည်နယ်စားသောက်ကုန်ပြုပြင်ထုတ်လုပ်ရေးနှင့် သစ်သီးဝလံပန်းမန်ဌာန၏ အတွင်းဝန်ဖြစ်သူ Smaraki Mahapatra က အနောက်ဘင်္ဂလားပြည်နယ်သည် ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံအမျိုးအစားများစွာကို ထိပ်တန်းထုတ်လုပ်သူဖြစ်ကြောင်း၊ ဒေသတွင်းဟင်းသီးဟင်းရွက်စားသုံးမှုမှာ တန်ချိန် ၉၅ သိန်းခန့်သာရှိသော်လည်း တန်ချိန် ၁၆၃ သိန်းခန့်ထွက်ရှိပါကြောင်း၊ သစ်သီးဝလံထုတ်လုပ်မှုမှာ တန်ချိန် ၄၀ သိန်းခန့်ရှိပြီး စားသုံးနိုင်မှုမှာ တန်ချိန် ၃၀ သိန်းနှင့် ၃၅ သိန်းအကြားတွင်သာ ရှိကြောင်း၊ ပိုလျှံသည့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို အအေးခန်းထောက်ပံ့ပို့ဆောင်ရေးနှင့် ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးတွင် ရင်းနှီးမြှုပ်နှံမှုများဖြင့် အခြားသောပြည်နယ်များနှင့် နိုင်ငံများသို့တင်ပို့နိုင်ကြောင်းနှင့် အစိုးရသည် ငှက်ပျောသီး၊ နာနတ်သီး၊ဘလူးဘယ်ရီနှင့်ချင်းအပါအဝင်တစ်ရှူးနည်းပညာအသုံးပြုသောစိုက်ပျိုးမှုများအတွက် အဆင့်မြင့်ထောက်ပံ့ကူညီမှုများ ပံ့ပိုးပေးလျက်ရှိကြောင်း ပြောကြားခဲ့သည်။

ထို့ပြင်အတွင်းဝန်က အနောက်ဘင်္ဂလားပြည်နယ်သည် ဟိမဝန္တာတောင်တန်းနှင့် ကမ်းရိုးတန်းရှိသည့် တစ်ခုတည်းသော ပြည်နယ်ဖြစ်ပြီး သစ်သီးဝလံနှင့်ဟင်းသီး ဟင်းရွက်စိုက်ပျိုးထုတ်လုပ်မှုအတွက်စံပြဖြစ်အောင် အစိုးရက ကြိုးစားဆောင်ရွက်နေပါကြောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်အကြား တန်ဖိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုနယ်ပယ်များ စွာရှိပါကြောင်း၊ ၎င်းတို့ပြည်နယ်သည် တိုင်းရင်းဆေးပင်များနှင့်စပ်လျဉ်း၍ သမိုင်းကြောင်းကောင်းမွန်ပြီး တိုင်းရင်းဆေးကုသမှု ပိုင်းတွင်လည်း ပံ့ပိုးပေးနိုင်ရန် အလားအလာများစွာရှိပါကြောင်း၊၂၀၂၄-၂၅ ဘဏ္ဍာနှစ်တွင် ပြည်နယ်အတွင်း အစားအစာထုတ် လုပ်မှုကဏ္ဍ၌ လုပ်ငန်းပေါင်း ၂၄,၂၁၃ ခုတည်ထောင်ဆောင်ရွက်ခဲ့ပါကြောင်းနှင့် ယင်းကဏ္ဍဖွံ့ဖြိုးတိုးတက် အောင်မြင်စေရန် အတွက်အစိုးရ၊အစားအစာထုတ်လုပ်သူအဖွဲ့အစည်းများ(FPOs)တောင်သူများနှင့်လုပ်ငန်းရှင်များအကြား မဟာဗျူဟာပူးပေါင်း ဆောင်ရွက်မှုတစ်ရပ်လိုအပ်ကြောင်း ထပ်မံပြောကြားခဲ့သည်။

**Source: West Bengal to expand maize cultivation by 60,000 hectares to meet rising feed demand, The Economic Times, 15 July, 2025.**

**(မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)**

https://myantrade.gov.mm/

## အီသီယိုးပီးယားသည် ကော်ဖီတင်ပို့မှုမှ နှစ်စဉ်ဝင်ငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ၆၅ ဘီလီယံ စံချိန်တင်ခဲ့




အီသီယိုးပီးယားနိုင်ငံ၌ ကော်ဖီတင်ပို့မှုမှ စံချိန်တင်ဝင်ငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ၆၅ ဘီလီယံရရှိခဲ့ကြောင်း အီသီယိုးပီးယားကော်ဖီနှင့် လက်ဖက်ရည်အာဏာပိုင်အဖွဲ့ (ECTA) ကထုတ်ဖော်ပြောကြားခဲ့သည်။

ဇူလိုင် ၇ ရက်က ကုန်ဆုံးခဲ့သော အီသီယိုးပီးယား ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဝင်ငွေရရှိရန် အရှေ့အာဖရိကနိုင်ငံသည် ကော်ဖီတန်ချိန် ၄၆၈,၉၆၇ တင်ပို့ခဲ့ကြောင်း ECTA က အင်္ဂါ နေ့တွင် ထုတ်ပြန်ခဲ့သည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တင်ပို့သည့် ကော်ဖီပမာဏသည် ယခင် ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ပါကတန်ချိန် ၁၇၀,၄၇၈ ကျော်တိုးလာကြောင်း အာဏာပိုင်များထံမှ သိရသည်။

အာရေဗီးကားကော်ဖီ၏ မူလအစအဖြစ်သတ်မှတ်ခံထားရသောအီသီယိုးပီးယားသည်အာဖရိက၏အကြီးဆုံးကုန်စည်ထုတ်လုပ်သူနှင့် တင်ပို့ရောင်းချသူများထဲမှ တစ်ခုဖြစ်သည်။ ကော်ဖီထုတ်လုပ်မှုကို နိုင်ငံ၏ စိုက်ပျိုးရေးဦးဆောင်သော စီးပွားရေး၏ ကျောရိုးအဖြစ် ရှုမြင်ကြသည်။ ၎င်း၏ အရည်အသွေးနှင့်ကြွယ်ဝသောအရသာများအတွက် ကျယ်ပြန့်စွာ အသိအမှတ်ပြုထားသည့် ဝိုင်နီမှ အသီးအနှံများနှင့်ချောကလက်များအထိ၊ အီသီယိုးပီးယားကော်ဖီသည် ကမ္ဘာတစ်ဝှမ်းတွင် ဝယ်လိုအားအလွန်ကောင်းမွန်လျက်ရှိကြောင်းသိရသည်။

**Source : Xinhua**

**DOCA(ရန်ကုန်)**

https://www.doca.gov.mm/

TIR

## STOCK EXCHANGE (25.7.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 25th Jul. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 12,356 (Shares) | 36,390,900 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,300 | +100 | +1.39% | 7,300 | 7,300 | 7,300 | 652 | 4,759,600 | 33,109,694 | 241,701 |
| MTSH | 00002 | 3,350 | +50 | +1.52% | 3,400 | 3,400 | 3,300 | 4,351 | 14,653,350 | 38,929,150 | 130,413 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 0 | 0 | 10,400,986 | 81,128 |
| FPB | 00004 | 2,000 | +50 | +2.56% | 1,950 | 2,000 | 1,950 | 3,718 | 7,250,650 | 29,664,613 | 59,329 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 2,382 | 6,193,200 | 12,823,224 | 33,340 |
| EFR | 00006 | 1,650 | -50 | -2.94% | 1,650 | 1,650 | 1,650 | 394 | 650,100 | 19,977,223 | 32,962 |
| AMATA | 00007 | 3,600 | +0 | +0.00% | 3,600 | 3,600 | 3,500 | 241 | 844,600 | 10,497,598 | 37,791 |
| MAEX | 00008 | 3,300 | -50 | -1.49% | 3,300 | 3,300 | 3,300 | 618 | 2,039,400 | 23,804,946 | 78,556 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Search...

Home > Main Board > Market Data > Market summary

## Market summary

As of 25th Jul. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 368.59 | +2.42 | +0.66% | 369.36 | 369.36 | 366.21 | 12,356 | 36,390,900 | 8 | 695,220 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 25th Jul. 2025

| Trading Volume | Trading Value |
|---|---|
| 12,806 (Shares) | 37,718,400 (MMK) |

## Main Board

As of 1:00 pm, 25th Jul. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 12,356 (Shares) | 36,390,900 (MMK) |

| MYANPIX | 368.59 ▲ 2.42 |
|---|---|
| Total Volume (shares) | 12,356 |
| Total Value (MMK) | 36 mil |
| Listed Company | 8 |
| Market Cap. (MMK) | 695,220 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,300 | ▲ 100 |
| MTSH | 00002 | 3,350 | ▲ 50 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 2,000 | ▲ 50 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 1,650 | ▼ 50 |
| AMATA | 00007 | 3,600 | ▲ 0 |
| MAEX | 00008 | 3,300 | ▼ 50 |